## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၀၇/ ၂၀၂၂

၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

( ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၂ ရက် )

### ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီ ဖွဲ့စည်းခြင်း

၁။ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပုဂံ-ညောင်ဦး ကမ္ဘာ့အမွေအနှစ်ဒေသ၊ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများကို ရေရှည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် **"ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ<br>မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ပြုပြင်ထိန်းသိမ်းရေးမူဝါဒ ချမှတ်ပေးရန်၊

(ခ) ကမ္ဘာ့အမွေအနှစ်ဒေသဖြစ်သည်နှင့်အညီ UNESCO ၏ ရှေးဟောင်းအမွေအနှစ် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ သတ်မှတ်ချက်များအား လိုက်နာနိုင်ရေး ဥပဒေ၊ နည်းဥပဒေတို့တွင် ထည့်သွင်း၍ စောင့်ကြည့်ကြပ်မတ်ရန်၊

(ဂ) နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ၊ အဖွဲ့အစည်းများအား ဖိတ်ခေါ်ဆွေးနွေး၍ မှန်ကန်သော ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ပေးရန်၊

(ဃ) ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေး နည်းလမ်း၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ပေးရန်၊

(င) ရန်ပုံငွေ ရရှိမှု၊ သုံးစွဲမှု ကြီးကြပ်စစ်ဆေးရေး၊ သုံးစွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ချမှတ်ပေးရန်၊

(စ) လိုအပ်သော လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းပေးရန်။

၃။ ဦးစီးကော်မတီသည် အောက်ပါလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ယှဉ်တွဲပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်-

| | | | |
|---|---|---|---|
| (က) | ရန်ပုံငွေစိစစ်သုံးစွဲရေး လုပ်ငန်းကော်မတီ | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| | | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ခ) | ပြင်ဆင်ပြုပြင်ထိန်းသိမ်း တည်ဆောက်ရေး လုပ်ငန်းကော်မတီ | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| | | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |

| | | | |
|---|---|---|---|
| (ဂ) | လုပ်ငန်းနှင့်ငွေစာရင်း<br>စစ်ဆေးရေး<br>ဆပ်ကော်မတီ | ဥက္ကဋ္ဌ<br>မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး<br>ကောင်စီ | ဥက္ကဋ္ဌ |
| | | မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဃ) | လုံခြုံရေးဆပ်ကော်မတီ | ရဲမှူးကြီး<br>တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>မန္တလေးတိုင်းဒေသကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| | | ဒုတိယရဲမှူးကြီး<br>ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၄။ ဦးစီးကော်မတီသည် အထက်ပါလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၅။ ပုဂံ-ညောင်ဦး ကမ္ဘာ့အမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် ဟန်ချက်ညီဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ဥက္ကဋ္ဌများသည် ဦးစီးကော်မတီ၏ ခွင့်ပြုချက်ဖြင့် သင့်လျော်သည့်ပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ် လိုအပ်သလို တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၆။ နိုင်ငံတော်သမ္မတရုံး၏ ၂၉ - ၉ - ၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၁ / ၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ